# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၁) ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော မူးယစ်ဆေးဝါးများအဖြစ် ထုတ်ပြန်ကြေညာခြင်းအမိန့်ကြော်ငြာစာအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | သြစတြေးလျနိုင်ငံက အွန်လိုင်းလုံခြုံမှုဆိုင်ရာစုံစမ်းမှုအပေါ် တုံ့ပြန်မှုကြန့်ကြာခြင်းအတွက် တယ်လီဂရမ်အား သြစတြေးလျဒေါ်လာတစ်သန်းဒဏ်ငွေချမှတ်ခြင်း။ | ၄-၆ |
| ၃။ | ဖြိတိန်အစိုးရမှ ရဲတပ်ဖွဲ့၏လုပ်ပိုင်ခွင့်အာဏာကို မြှင့်တင်ပေးသည့်ဥပဒေမူကြမ်းအား အဆိုပြုတင်ပြခြင်း။ | ၇-၈ |
| ၄။ | UK အစိုးရ၏ AI မူပိုင်ခွင့်ဥပဒေ ပြင်ဆင်ဖြည့်စွက်မည့်အချက်များအပေါ် UK အနုပညာရှင်များက ဆန့်ကျင်ကန့်ကွက်ခြင်း။ | ၉-၁၁ |
| ၅။ | ထိုင်းအစိုးရအဖွဲ့က ကာစီနိုနှင့် လောင်းကစားဥပဒေကြမ်းကို အတည်ပြုခြင်း။ | ၁၂-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၁) ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော မူးယစ်ဆေးဝါးများအဖြစ် ထုတ်ပြန်ကြေညာခြင်းအမိန့်ကြော်ငြာစာအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ၌ တရားရုံးအဆင့်ဆင့်တွင် အယူခံ သို့မဟုတ် ပြင်ဆင်ကာလ ပြီးဆုံးပြီးနောက် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် လိုင်စင်ရှိမော်တော်ယာဉ်များကို စစ်ဆေးခြင်း၊ နိုင်ငံပိုင်စာရင်းရေးသွင်းခြင်း၊ ခွဲဝေအသုံးပြုခြင်း၊ တင်ဒါစနစ်ဖြင့်ရောင်းချခြင်း၊ သံရည်ကျို ဖျက်ဆီးခြင်းနှင့် နိုင်ငံပိုင်စာရင်းမှပယ်ဖျက်ခြင်းဆိုင်ရာ ညွှန်ကြားချက်၊ မူးယစ်ဆေးဝါးများအဖြစ် ထုတ်ပြန်ကြေညာခြင်း အမိန့်ကြော်ငြာစာ၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအဖြစ် ထုတ်ပြန်ကြေညာခြင်း အမိန့်ကြော်ငြာစာ၊ ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် ထုတ်ပြန်ကြေညာခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသော **မူးယစ်ဆေးဝါးများအဖြစ် ထုတ်ပြန်ကြေညာခြင်း အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၂၅** နှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ၊ ပုဒ်မခွဲငယ်(၂) နှင့် ပုဒ်မ ၃၀ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၁၉၆၁ ခုနှစ်၊ တစ်ခုတည်းသော မူးယစ်ဆေးဝါးများကွန်ဗင်းရှင်း ဇယား(၁)ပါ မူးယစ်ဆေးဝါး (၁၃၃)မျိုး၊ ဇယား (၂)ပါ မူးယစ်ဆေးဝါး (၁၀)မျိုး၊ ဇယား (၄)ပါ မူးယစ်ဆေးဝါး(၁၈)မျိုးနှင့် မြန်မာနိုင်ငံ၏လိုအပ်ချက်အရသတ်မှတ်သည့် မူးယစ်ဆေးဝါး (၂)မျိုး၊ စုစုပေါင်း (၁၆၃)မျိုးကို ထုတ်ပြန်ကြေညာခဲ့သည်ကိုတွေ့ရှိရပြီး ယင်းမူးယစ်ဆေးဝါး (၁၆၃)မျိုးထဲမှ ဆေးဝါးတစ်မျိုးမျိုးပါဝင်သောဆေးဝါးများ၊ အခြားအရာဝတ္ထုများ၊ ယင်းဆေးဝါးတစ်မျိုးမျိုးနှင့်ရောစပ်၍ ပြုပြင်ဖော်စပ်ထုတ်လုပ်ထားသောဆေးဝါးများ၊ အခြားအရာဝတ္ထုများသည်လည်း မူးယစ်ဆေးဝါးတွင် ပါဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဇယား(၁)ပါမူးယစ်ဆေးဝါး(၁၃၃)မျိုးမှာ လုံးဝကန့်သတ်ထိန်းချုပ်ထားသည့် မူးယစ်ဆေးဝါးများ ဖြစ်ကြောင်းတွေ့ရှိရပြီး ဇယား(၂)ပါ မူးယစ်ဆေးဝါး(၁၀)မျိုးမှာဆေးကုသရာ၌ အသုံးပြုနိုင်သော ဆေးဝါးများဖြစ်သော်လည်း အလွဲအသုံးပြုနိုင်သောဆေးဝါးများဖြစ်သဖြင့် ယင်းဆေးဝါးများကို ထုတ်လုပ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့အတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာနည်းဥပဒေများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနကထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထား သည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ၁၉၆၁ ခုနှစ်၊ တစ်ခုတည်းသော မူးယစ်ဆေးဝါးများကွန်ဗင်းရှင်း ဇယား (၃)ပါ ကန့်သတ်ချက်များနှင့်အညီ ခြွင်းချက်ပြုထားသောဆေးဝါး(၈)မျိုးကိုဖော်ပြထားပြီး ယင်းဆေးဝါးများကို မူးယစ်ဆေးဝါးများတွင်ပါဝင်သည်ဟု မှတ်ယူခြင်းမပြုရကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရ ပါသည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများအဖြစ်ထုတ်ပြန်ကြေညာခြင်းအမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဩစတြေးလျနိုင်ငံက အွန်လိုင်းလုံခြုံမှုဆိုင်ရာစုံစမ်းမှုအပေါ် တုံ့ပြန်မှုကြန့်ကြာခြင်းအတွက် တယ်လီဂရမ်အား ဩစတြေးလျဒေါ်လာတစ်သန်းဒဏ်ငွေချမှတ်ခြင်း

ဩစတြေးလျနိုင်ငံအီလက်ထရောနစ်လုံခြုံရေးကော်မရှင်သည် လျှို့ဝှက်ကုဒ်ဖြင့် စာပေးပို့သည့် လူမှုကွန်ရက်ပလက်ဖောင်းတစ်ခုဖြစ်သော တယ်လီဂရမ်အား ကလေးသူငယ်ဆိုင်ရာအလွဲသုံးစားမှုနှင့်အစွန်းရောက်ဝါဒီအကြောင်းအရာများကို တိုက်ဖျက်နိုင်ရေး စည်းမျဉ်းစည်းကမ်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများကိုအချိန်မီတုံ့ပြန်ရန်ပျက်ကွက်ခဲ့သည့်အတွက် ၂၄.၃.၂၀၂၅ ရက်နေ့တွင် ဒေါ်လာတစ်သန်းနီးပါး(အမေရိကန်ဒေါ်လာ ၆၄၀,၀၀၀နှင့် ညီမျှသော) ဒဏ်ငွေကိုချမှတ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် မတ်လတွင် ကော်မရှင်သည် Meta နှင့် Google အပါအဝင် တယ်လီဂရမ်နှင့် အခြားနည်းပညာကုမ္ပဏီများအား အန္တရာယ်ရှိသောအကြောင်းအရာများပျံ့နှံ့မှုကိုကာကွယ်ရန် ကုမ္ပဏီများမှဆောင်ရွက်ထားသောလုပ်ဆောင်ချက်များကို ထုတ်ဖော်ပြောကြားရန် ထုတ်ပြန်ခဲ့သည်။ ကုမ္ပဏီအများစုသည် မေလနောက်ဆုံးထား၍ တုံ့ပြန်ခဲ့သော်လည်း တယ်လီဂရမ်သည် ၎င်း၏လုပ်ဆောင်ချက်အစီအစဉ်ကို သတ်မှတ်ရက်ထက် ၁၆၀ ရက်နောက်ကျပြီး အောက်တိုဘာလမှသာ တင်ပြခဲ့ပါသည်။

"တယ်လီဂရမ်သည် အစီရင်ခံစာပေးပို့ရန် အသိပေးချက်တွင် တောင်းဆိုထားသော အချက်အလက်များကိုပေးအပ်ရန် ရက် ၁၆၀ ကြာမြင့်ခဲ့ပြီး အဆိုပါအချက်အလက်များကို ပေးအပ်ရန်နောက်ကျခြင်းသည် အွန်လိုင်းလုံခြုံရေးအက်ဥပဒေအရ ၎င်း၏လုပ်ငန်းများကိုလုပ်ဆောင်ရာတွင် နှစ်ဝက်နီးပါးမျှ နှောင့်နှေးစေခဲ့သည်"ဟု အီလက်ထရောနစ်လုံခြုံရေးကော်မရှင်နာ Julie Inman Grant က ပွင့်လင်းမြင်သာမှု၏အရေးပါပုံကို အလေးထားပြောကြားခဲ့ပါသည်။

တယ်လီဂရမ်သည် ဒဏ်ငွေကို "မမျှတဘဲ ကြီးလေးသောအရေးယူမှု"ဟု ခုခံပြောဆိုခဲ့ပြီး ၎င်းတို့၏အယူခံဝင်ရန်ရည်ရွယ်ချက်ကို အလေးထားဖော်ပြခဲ့ပါသည်။ အကယ်၍ ကုမ္ပဏီသည် ဒဏ်ငွေကိုပေးဆောင်ရန်ငြင်းဆိုပါက ကော်မရှင်သည် ဗဟိုတရားရုံးမှတစ်ဆင့် တရားမလျော်ကြေး

များတောင်းခံရန် အခွင့်အရေးရှိပါသည်။ ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်၊ ဗြိတိန်နှင့် အမေရိကန် နိုင်ငံများပါဝင်သည့် စုံစမ်းထောက်လှမ်းမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ၂၀၂၄ ခုနှစ် အစီရင်ခံစာ (Five Eyes Report) တွင် ဩစတြေးလျနိုင်ငံအတွင်းရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေးအမှုများ၏ ငါးပုံတစ်ပုံနီးပါးတွင် အရွယ်မရောက်သေးသူများပါဝင်နေသည့်အတွက် တယ်လီဂရမ်ကို အစွန်းရောက် စေသောကိစ္စရပ်များဆောင်ရွက်ရန် ကြားခံတစ်ခုအဖြစ် သတ်မှတ်ခဲ့ပါသည်။

ဩစတြေးလျနိုင်ငံ၏အွန်လိုင်းလုံခြုံရေးအက်ဥပဒေအရ အီလက်ထရောနစ်လုံခြုံရေးဘုတ်အဖွဲ့အား အန္တရာယ်ရှိသောအကြောင်းအရာများကိုကိုင်တွယ်ဖြေရှင်းရန် ကုမ္ပဏီများကို အတင်းအကြပ် ခိုင်းစေနိုင်သည့်အခွင့်အာဏာကို ပေးအပ်ထားပါသည်။ အဆိုပါထိန်းသိမ်းရေးအဖွဲ့သည် X လူမှုရေး ကွန်ရက်(ယခင်က Twitter) အပါအဝင် အခြားပလက်ဖောင်းများနှင့် အငြင်းပွားမှုများဖြစ်ပွားခဲ့ပြီး X သည် လိုက်နာရန်ပျက်ကွက်မှုအတွက် ဩစတြေးလျဒေါ်လာ ၆၁၀,၀၀၀ ဒဏ်ငွေကို ပေးဆောင်ရန် ခုံရုံးတွင် အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

နည်းပညာလုပ်ငန်းများထံမှ တာဝန်ယူမှုတာဝန်ခံမှုများရယူလိုပါက ပိုမိုပွင့်လင်းမြင်သာမှု ရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဤပလက်ဖောင်းများသည် ဩစတြေးလျနိုင်ငံသားများကိုထိခိုက်စေသည့် ကြီးမားသောအွန်လိုင်းအန္တရာယ်များစွာနှင့်ပတ်သက်မှု ရှိ မရှိကို သေချာစွာ နားလည်စေမည်ဖြစ် ကြောင်း အီလက်ထရောနစ်လုံခြုံရေးကော်မရှင်နာက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

တယ်လီဂရမ်အပေါ်အရေးယူမှုသည် တယ်လီဂရမ်အား ကမ္ဘာလုံးဆိုင်ရာစောင့်ကြည့်ဝေဖန်မှုများ တိုးမြင့်လာစေပါသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ပြင်သစ်အာဏာပိုင်များသည် တယ်လီဂရမ် CEO ဖြစ်သူ Pavel Durov အား တရားဝင်ထိန်းသိမ်းထားပြီးနောက် ဥပဒေနှင့်မညီသော အကြောင်း အရာများကိုထိန်းချုပ်ရန် ပျက်ကွက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ အာမခံဖြင့် လွှတ်ပေးထားသော်လည်း Durov အား ပြင်သစ်နိုင်ငံအတွင်းမှ ထွက်ခွာခွင့်မပြုထားပေ။ ယင်းသို့ထိန်းသိမ်းခံရပြီးနောက် တယ်လီဂရမ်သည် ပွင့်လင်းမြင်သာမှုကိုတိုးမြှင့်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၎င်း၏ပထမဆုံးဥပဒေအကောင်

အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာတွင် သြစတြေးလျ၏ အချက်အလက်တောင်းဆိုမှု ၁၄ ချက်နှင့် ညီညွတ်မှုရှိသည်ဟု သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/02/australia-fines-telegram-a1m-for-delayed-responses-to-online-safety-inquiry/

## ဗြိတိန်အစိုးရမှ ရဲတပ်ဖွဲ့၏လုပ်ပိုင်ခွင့်အာဏာကို မြှင့်တင်ပေးသည့် ဥပဒေမူကြမ်းအား အဆိုပြုတင်ပြခြင်း

ဗြိတိန်အစိုးရက "ဆယ်စုနှစ်များအတွင်းရဲတပ်ဖွဲ့အတွက် အကြီးမားဆုံးဥပဒေပြုရေးမွမ်းမံမှု" ဟု ယူဆရသည့် လူမှုရေးဆိုင်ရာရာဇဝတ်မှုနှင့် အများနှင့်သက်ဆိုင်သည့်နေရာများတွင် ကျူးလွန်သည့် ရာဇဝတ်မှုများကိုဖြေရှင်းရန်ရည်ရွယ်၍ ပြည်သူ့လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးမှုအတွက် မူခင်းနှင့် ရဲတပ်ဖွဲ့၏တရားဥပဒေစိုးမိုးရေးဆိုင်ရာဥပဒေမူကြမ်းအသစ်ကို ၄-၃-၂၀၂၅ ရက်နေ့တွင် ပါလီမန်၌ အဆိုပြုတင်ပြခဲ့ပါသည်။ အဆိုပါဥပဒေမူကြမ်းအသစ်သည် အစိုးရက ရပ်ရွာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်စတင်မှုအတွက် အရေးပါသည့်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။

အစိုးရသည် ရဲတပ်ဖွဲ့အပေါ် လူမှုအသိုင်းအဝိုင်းများက ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ရှိမှုနှင့် ပြည့်စုံသောရဲတပ်ဖွဲ့ဝင်များအဖြစ် လူထုယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန်ရည်ရွယ်၍ အဆိုပါ ဥပဒေကြမ်းကိုအဆိုပြုတင်ပြခြင်းဖြစ်ပြီး လက်နက်နှင့်စပ်လျဉ်းသည့် ရာဇဝတ်မှု၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု၊ ကလေးသူငယ်လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှု၊ အကြမ်းဖက်မှု များအပြင် ခိုးမှု၊ ဖုန်းခိုးမှုနှင့် လူမှုရေးဆိုင်ရာရာဇဝတ်မှုကျူးလွန်မှုများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

Home Secretary ဖြစ်သူ Yvette Cooper က လူမှုရေးဆိုင်ရာရာဇဝတ်မှုများ၊ မြို့လယ်ခေါင်နှင့် အများပြည်သူဆိုင်ရာနေရာများတွင် ကျူးလွန်သည့်ရာဇဝတ်မှုများကာလရှည်ကြာစွာ မြင့်တက်လာ ခြင်းသည် ရပ်ကွက်အတွင်းရှိ တာဝန်ရှိသူရဲတပ်ဖွဲ့ဝင်များက ၎င်းတို့၏တာဝန်များကိုဆောင်ရွက်မှု မရှိခြင်းကြောင့်ဖြစ်ပြီး လက်နက်နှင့်စပ်လျဉ်းသည့် ရာဇဝတ်မှု၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ အပေါ် အကြမ်းဖက်မှုအပါအဝင် အဆိုးရွားဆုံးအကြမ်းဖက်မှုများကို နှစ်ပေါင်းများစွာကတည်းက အနည်းငယ်သာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါဥပဒေမူကြမ်းသည် £200($253) အောက်ရှိ ဈေးဆိုင်တွင်ခိုးယူမှုများကို ကင်းလွတ်ခွင့် ပြုထားခြင်းများကို ဖယ်ရှားခြင်း၊ အလုပ်သမားများကို လက်ရောက်မှုကျူးလွန်ခြင်းမှ ကာကွယ်

ပေးမှုများကိုမြှင့်တင်ခြင်းဖြင့် မြို့လယ်ခေါင်တွင် လူမှုရေးဆိုင်ရာရာဇဝတ်မှုကျူးလွန်ခြင်းများကို တားမြစ်နိုင်မည်ဖြစ်ပါသည်။ အီလက်ထရွန်နစ်မြေပုံရေးဆွဲခြင်းမှတစ်ဆင့် ခိုးယူထားသောပစ္စည်း ရှိရာနေရာသို့ခြေရာခံမိပါက ရဲတပ်ဖွဲ့ဝင်များသည် ဝရမ်းမပါဘဲဥပစာအတွင်းသို့ ဝင်ရောက်နိုင်ကြောင်း အဆိုပါဥပဒေမူကြမ်းတွင် ဖော်ပြထားပါသည်။ အစိုးရမှ ထိုသို့ဝရမ်းမပါဘဲ ဝင်ရောက်ခွင့်အာဏာသည် ခိုးမှုအား လျင်မြန်စွာအရေးယူရန်နှင့် ထိခိုက်နစ်နာသူများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု ပေးရန်ရည်ရွယ်ကြောင်း ပြောကြားခဲ့ပါသည်။ ရဲတပ်ဖွဲ့ဝင်များ၏အခွင့်အာဏာများနှင့်စပ်လျဉ်း၍ 1984 Police and Criminal Evidence Act 1984 (PACE) Code B ၊ အပိုဒ် 1.3 တွင် "ကိုယ်ရေး ကိုယ်တာနှင့်ပုဂ္ဂိုလ်ရေးဆိုင်ရာပိုင်ဆိုင်မှုကိုလေးစားခြင်းသည် ၁၉၉၈ခုနှစ်၊လူ့အခွင့်အရေးအက်ဥပဒေ၏ အဓိကအခြေခံမှုများဖြစ်သည်။ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းယူခြင်းဆိုင်ရာလုပ်ပိုင်ခွင့်များသည် ပိုင်ရှင်၏ကိုယ်ရေးကိုယ်တာအား သိသိသာသာ အနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် ထိုသို့မပြု လုပ်မီရှင်းလင်းစွာဖော်ပြ၍ တရားမျှတမှုရှိစေရန်ဆောင်ရွက်ကြောင်း၊ အနှောင့်အယှက်နည်းသောနည်းလမ်း များဖြင့် လိုအပ်သောရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက စဉ်းစားသင့် ကြောင်း" ဖော်ပြထားပါသည်။

အဆိုပါဥပဒေကြမ်းသည် အောက်လွှတ်တော်၌ ပထမဆုံးဖတ်ကြားခဲ့ခြင်းဖြစ်ပြီး ဥပဒေ ပြဋ္ဌာန်းရန်ခွင့်ပြုချက်မရရှိမီ အဆင့်သုံးဆင့်ဖြင့် ဖတ်ကြားသွားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2025/02/uk-introduces-enhanced-police-powers-to-tackle-anti-social-and-street-crimes/

## UK အစိုးရ၏ AI မူပိုင်ခွင့်ဥပဒေပြင်ဆင်ဖြည့်စွက်မည့်အချက်များအပေါ် UK အနုပညာရှင်များက ဆန့်ကျင်ကန့်ကွက်ခြင်း

UK နိုင်ငံရှိ ဂီတအနုပညာရှင်များ၊ စာရေးဆရာများသည် UK အစိုးရက မူပိုင်ခွင့်ဥပဒေကို ပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်ရန်စီစဉ်နေမှုအပေါ် ကန့်ကွက်သည့်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြပါသည်။ ဆန့်ကျင်လှုပ်ရှားမှုအနေဖြင့် နာမည်ကြီးအနုပညာရှင်များအပါအဝင်ဂီတအနုပညာရှင် ၁၀၀၀ ကျော်က ၂၅-၂-၂၀၂၅ ရက်နေ့တွင် သီချင်း ၁၂ ပုဒ်ပါဝင်သော "Is This What We Want" အမည်ရှိသီချင်း album တစ်ခုကိုထုတ်ဝေခဲ့ရာ သီချင်း ၁၂ ပုဒ်၏အမည်များကို ပေါင်းဖတ်မည်ဆိုပါက "The British Government must not legalise music theft to benefit AI Companies" (AI ကုမ္ပဏီများ၏ အကျိုးအတွက် ဂီတခိုးယူမှုများကို ဗြိတိန်အစိုးရကခွင့်မပြုရ)ဆိုသည့် အဓိပ္ပါယ်ရရှိကြောင်း သိရှိရပါသည်။

အဆိုပါမူပိုင်ခွင့်ဥပဒေပြင်ဆင်မှုနှင့်စပ်လျဉ်း၍ UK အစိုးရသည် Artificial Intelligence (AI) ကဏ္ဍဖွံ့ဖြိုးလာမှုအရ ၎င်းနိုင်ငံ၏မူပိုင်ခွင့်ဥပဒေမူဘောင်ကိုပြောင်းလဲရေးအတွက် အဆိုပြုချက်များကို ဆန်းစစ်နိုင်ရန် "Copyright and Artificial Intelligence" ဆိုသည့်ခေါင်းစဉ်ဖြင့် ညှိနှိုင်းဆွေးနွေးချက် တစ်ရပ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါဥပဒေပြင်ဆင် ပြောင်းလဲမှုသည် AI ဖန်တီးသူကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ AI မော်ဒယ်များကို လေ့ကျင့်ပေးရန် အွန်လိုင်းတွင် လွှင့်တင်ထားသောအကြောင်းအရာများကို အသုံးပြုနိုင်ခြင်းဖြင့် UK နိုင်ငံတွင် ကမ္ဘာ့ထိပ်တန်း AI မော်ဒယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ကြောင်း သိရှိရပါသည်။

မူပိုင်ခွင့်ဥပဒေကိုပြင်ဆင်မည့်အဆိုပြုချက်တွင် စာသားနှင့်အချက်အလက်များ ချိတ်ဆက်ဖော်ထုတ်ခြင်း (Text and Data Mining – TDM) အတွက် ခြွင်းချက်တစ်ခုဖြစ်ပြီး ယင်းခြွင်းချက်သည် AI ဖန်တီးသူကုမ္ပဏီများအနေဖြင့် အင်တာနက်ပေါ်တွင် ရရှိနိုင်မည့်အနုပညာလက်ရာများ၊ လုပ်ငန်းများ၊ သီချင်းများနှင့်စာချုပ်အရရရှိထားသော အနုပညာလက်ရာများ၊ လုပ်ငန်းများ၊ သီချင်းများ (ဥပမာ- စာရင်းသွင်းဝန်ဆောင်မှုမှတစ်ဆင့်ရရှိနိုင်သည့် လုပ်ငန်းများ)အပါအဝင် သက်ဆိုင်သည့်

လုပ်ငန်းနယ်ပယ်များကို တရားဝင်အသုံးပြုနိုင်ကြောင်း၊ မူပိုင်ခွင့်ပိုင်ရှင်၏စက်ဖြင့် ဖတ်ရှုအသုံးပြုနိုင်သောအနုပညာလက်ရာများ၊ လုပ်ငန်းများ၊ သီချင်းများနှင့်စပ်လျဉ်း၍ ၎င်းတို့၏မူပိုင်ခွင့်အခွင့်အရေးများသည် သက်ရောက်မှုမရှိကြောင်း၊ ထိုသို့သက်ရောက်စေလိုပါက TDM လိုင်စင်တစ်ခုလိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းသို့ မူပိုင်ခွင့်ဥပဒေကိုပြင်ဆင်ပြောင်းလဲမှုပြုခြင်းသည် မူရင်းဖန်တီးရှင်များ၏ဖန်တီးမှုများကို AI ဖန်တီးသူများက အဖိုးအခမပေးဘဲ AI များကို လေ့ကျင့်ပေးပြီး AI များသည် ကိုယ်ပိုင်ဖန်တီးမှုများပြုလုပ်လာမည်ဖြစ်ကြောင်းနှင့် AI ဖန်တီးသူများကို အပြည့်အဝ ထိန်းချုပ်ခွင့်ပေးထားပြီး မူပိုင်ခွင့်ဥပဒေမူဘောင်ကို ပြောင်းပြန်ဖြစ်စေကြောင်း ဂီတအနုပညာရှင်များက ဝေဖန်ပြောကြားခဲ့ပါသည်။ ထို့ပြင် AI ကုမ္ပဏီများ၏အချက်အလက်သုံးစွဲမှုများကို စီစဉ်ပေးနေသည့်အကျိုးအမြတ်မယူသောအဖွဲ့အစည်းဖြစ်သည့် Fairly Trained ကို တည်ထောင်သူ Ed Newton Rex ကလည်း ဗြိတိန်အစိုးရက ပြင်ဆင်မည့်ဥပဒေမူဘောင်သည် ဂီတအနုပညာရှင်များ၏တစ်ဘဝလုံးဖန်တီးမှုများကို AI ကုမ္ပဏီများသို့ အခမဲ့လွှဲပြောင်းပေးသကဲ့သို့ ဖြစ်လာမည်ဖြစ်ကြောင်းနှင့် ယင်းဖန်တီးမှုများကို AI ကုမ္ပဏီများက အမြတ်ထုတ်သုံးစွဲခွင့်ရရှိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ထို့ကြောင့် AI နည်းပညာများတိုးတက်လာသည်နှင့်အမျှ လူသားတို့၏တီထွင်ဖန်တီးမှုများအပေါ်အကျိုးသက်ရောက်မှုများရှိလာသဖြင့် အစိုးရက ဥပဒေမူဘောင်များပြဋ္ဌာန်းရာတွင် အထူးဂရုပြုစဉ်းစားကာ ဆောင်ရွက်သင့်ကြောင်း သိရှိရပါသည်။

တရားမစွဲမီဥပဒေအကြံဉာဏ်ပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.globalpolicywatch.com/2025/01/uk-government-proposes-copyright-ai-reform/#:~:text=The%20Government%20is%20proposing%20to
- https://bbc.com/news/articles/cwyd3r62kp5o
- https://burma.irrawaddy.com/news/2025/03/02/398008.html

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၁) ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်

## ထိုင်းအစိုးရအဖွဲ့က ကာစီနိုနှင့်လောင်းကစားဥပဒေကြမ်းကို အတည်ပြုခြင်း

ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် ကာစီနိုနှင့်လောင်းကစားခြင်းကို တရားဝင်ဖြစ်စေမည့်ဥပဒေကြမ်းကို လွှတ်တော်၌ဆက်လက်ဆွေးနွေးရန်အတွက် ၁၃-၁-၂၀၂၅ရက်နေ့က အတည်ပြုလိုက်ပြီဖြစ်ပါသည်။ အထက်လွှတ်တော်နှင့်အောက်လွှတ်တော်တို့က ဆက်လက်အတည်ပြုပါက ၂၀၂၅ နှစ်လည်ခန့်တွင် ကာစီနိုနှင့်လောင်းကစားပြုလုပ်ခြင်းကို တရားဝင်ခွင့်ပြုသည့် ဥပဒေတစ်ရပ်ပေါ်ပေါက်လာနိုင်မည် ဖြစ်ပါသည်။

The Entertainment Complex Bill ဟု သိထားကြသည့် Integrated Entertainment Business Act တွင် ဟိုတယ်၊ ဈေးဝယ်စင်တာ၊ စားသောက်ဆိုင်၊ ဘား စသည်များပါဝင်သည့် အပန်းဖြေနေရာများတွင် ကာစီနိုကို ခွင့်ပြုမည်ဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံ၏လတ်တလောအခြေအနေအရ လောင်းကစားခြင်းကို ကန့်သတ်တားမြစ်ထားပြီး နိုင်ငံအတွင်း နေရာအနည်းငယ်တွင်သာ ခွင့်ပြုထားခြင်းဖြစ်ပါသည်။ မြင်းပြိုင်ပွဲများနှင့် တရားဝင် ထီလုပ်ငန်းများကိုမူ ဥပဒေကန့်သတ်ချက်များဖြင့် ထိန်းချုပ်ကစားခွင့်ပြုထားသည်။ ထိုင်းနိုင်ငံသည် တရားမဝင်လောင်းကစားမှုများကျယ်ပြန့်လာမှုကို ကာလရှည်ကြာစွာ ရင်ဆိုင်နေရသည့်အတွက် ဥပဒေသစ်က အဆိုပါအချက်ကို အကူအညီဖြစ်နိုင်ကြောင်းနှင့် လောင်းကစားသည့်ပြည်သူများကို လုံခြုံစိတ်ချရသည့်ပတ်ဝန်းကျင်ပေးနိုင်မည်ဟု အစိုးရအဖွဲ့က မျှော်လင့်နေသည်။

ဥပဒေမူကြမ်း၏ရည်ရွယ်ချက်မှာ ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်လာမှု တိုးလာစေရန်နှင့် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန် ရည်ရွယ်သည့်အပြင် လတ်တလောဖြစ်ပေါ်နေသည့် တရားမဝင်လောင်းကစားခြင်းပြဿနာများကို ဖြေရှင်းရန်အတွက်လည်းဖြစ်ပါသည်။ ထိုင်းနိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်တွင် အတည်ပြုလိုက်သည့်ဥပဒေက အပြုသဘောဆောင်သည့်လူမှုအဖွဲ့အစည်း ဖြစ်လာနိုင်ကြောင်း ဖော်ပြထားပါသည်။

လောင်းကစားခြင်းကို တရားဝင်ခွင့်ပြုလိုက်ခြင်းကြောင့် အများပြည်သူကို အကာအကွယ်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း အခွန်ဘဏ္ဍာများရရှိစေမည်ဖြစ်သည်ဟု ဝန်ကြီးချုပ်က သတင်းထောက်များအား ပြောကြားခဲ့သည်။ ဥပဒေမူကြမ်းတွင် ကာစီနိုများသည် အချိန်ပြည့်ဝန်ဆောင်မှုများပေးသည့်အပန်းဖြေနေရာများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ပါရှိပါသည်။ အပန်းဖြေနေရာများတွင် ဟိုတယ်၊ အားကစားကွင်း၊ တေးဂီတများဖျော်ဖြေသည့်ခန်းမများ၊ ပန်းခြံများ၊ စားသောက်ဆိုင်များ၊ ကလပ်များပါဝင်မည်ဖြစ်ပြီး အပန်းဖြေနေရာများ၏အများဆုံး ဧရိယာ ၅ ရာခိုင်နှုန်းခန့်တွင်သာ ဂိမ်းကစားသည့်နေရာများ ခွင့်ပြုပေးမည်ဖြစ်ပါသည်။

လောင်းကစားလိုင်စင်ကို နှစ် ၃၀ အထိ ခွင့်ပြုနိုင်မည်ဖြစ်ပြီး လိုင်စင်ရရှိသူသည် ၅ နှစ်တစ်ကြိမ် အကဲဖြတ်လေ့လာခြင်းခံရမည်ဖြစ်ကာ ၁၀ နှစ်တစ်ကြိမ် သက်တမ်းတိုးပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

လိုင်စင်လျှောက်ထားသူများသည် ထိုင်းနိုင်ငံတွင်မှတ်ပုံတင်ရမည်ဖြစ်ပြီး အနည်းဆုံး ထိုင်းငွေ ၁၀ ဘီလီယံ (ပေါင် 237 million/ ယူရို 286 million/ ဒေါ်လာ 288 million) ပြသနိုင်ရမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူများသည် လိုင်စင်တစ်ခုစီအတွက် ထိုင်းငွေ ၁.၀ ဘီလီယံ ကနဦးပေးဆောင်ရမည်ဖြစ်ပြီး နှစ်စဉ် ၄.၉ ဘီလီယံပေးဆောင်ရမည်ဖြစ်ပါသည်။

အစိုးရသည်ကာစီနိုလိုင်စင် ၅ ခု စတင်ခွင့်ပြုချထားရန်မျှော်မှန်းထားပြီး မြို့တော်ဘန်ကောက်တွင် နှစ်ခုနှင့် ပတ္တရား၊ ချင်းမိုင်နှင့် ဖူးခက်မြို့များတွင်တစ်ခုစီ ပါဝင်မည်ဖြစ်သည်။ အခွန်အနေဖြင့် ၁၇ ရာခိုင်နှုန်းကောက်ခံရန်ရည်ရွယ်ထားပြီး အချိန်ပြည့်ဖျော်ဖြေရေးဝန်ဆောင်မှုကော်မရှင်က ဥပဒေနှင့်အညီခွင့်ပြုထားသည့် လောင်းကစားဈေးကွက်ဖြစ်လာစေရန် တာဝန်ရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

လောင်းကစားခြင်းကိုတရားဝင်ခွင့်ပြုလိုက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပြီး ထိုင်းနိုင်ငံသာမက အိမ်နီးချင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည်လည်း ပိုမိုကြီးမားကျယ်ပြန့်လာမည့်ကာစီနိုများထံမှ အကျိုးအမြတ်များ ရရှိမည်ဖြစ်သည်။

လောင်းကစားခြင်းနှင့်ကာစီနိုများတရားဝင်ခွင့်ပြုလိုက်ခြင်းကြောင့် ထိုင်းနိုင်ငံတွင်းသို့ နိုင်ငံခြားခရီးသွား ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း တိုးမြှင့်ဝင်ရောက်လာမည်ဟု အစိုးရက မျှော်မှန်းထားသည်။ ဘဏ္ဍာရေး ဒု-ဝန်ကြီးကလည်း ခရီးသွားလုပ်ငန်းမှ အခွန်ငွေ ဘတ် ၂၂၀ ဘီလီယံ တိုးမြှင့်ရရှိလာမည်ဟု မျှော်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။ လောင်းကစားခြင်းကို တရားဝင်ခွင့်ပြုလိုက်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း ၉၀၀၀ မှ ၁၅၀၀၀ ကြားရရှိလာမည်လည်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://igamingbusiness.com/legal-compliance/thailand-approves-draft-casino-gambling-law/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၁) ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

